# ၁၆၅း သက်တာမုန်တိုင်းလှိုင်းထစဉ်ခါကျူး

## Jesus calls us O'er the tumult

မ ၄း၁၉

သက်တာမုန်တိုင်း လှိုင်းထစဉ်ခါ၊ ယေရှု
ရှင်သည် ခေါ်နေ၏။ ငါ့တပည့်တို့၊ ငါ့နောက်
လိုက်လာ၊ ချိုသာလှစွာ ခေါ်နေသည်။

လောကီစည်းစိမ် လိုက်စားရာမှ၊ ယေရှု
ရှင်သည် ခေါ်နေ၏။ ငါ့တပည့်တို့၊ သာ၍
ချစ်ပါ၊ ကိုယ်တော်ရှင် မိန့်မြွက်နေသည်။

ဝမ်းနည်းဝမ်းမြောက် လုပ်ကိုင်ရာမှ၊ ယေရှု
ရှင်သည် ခေါ်သေး၏။ ငါ့တပည့်တို့ ခြားသူ
ထက်သာ ငါ့ကိုချစ်သလား မေး၏။

ကရုဏာနှင့် ခေါ်နေစဉ်ခါ၊ ခေါ်သံ
တော် ကြားပါရစေ။ ကိုယ်ကိုပူဇော်၊ စိတ်ကို
ဆက်သ၊ ချစ်လျက်နှင့် မှုတော်ဆောင်စေ။